မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် [OSS (၉)/ ကြေးတိုင်ပြင်ကွင်း]၊ ဦးပိုင်အမှတ် (၁၀၉၁/၂) ရှိ **မြေဧရိယာ ၃.၉၉ ဧက** အား **ရော်ဘာသစ်ခွဲသား စက်ရုံတိုးချဲ့အခြောက်ခံစက်ရုံ** မြေအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **၉၅၇,၆၀၀/-** ကျပ်ဖြင့် **ဦးလင်းထွေး [၁၃/ လရန (နိုင်) ၀၉၃၀၈၆]** သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၆၁/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ကမ်းနီကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၂/ ဝက်ဆူကွင်း)၊ ဦးပိုင်အမှတ် (၂၇/၃၀/၂) ရှိ **မြေဧရိယာ ၃.၆၆ ဧက** အား **အဆင့်မြင့်ဆန်စက်လုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **၂၁၉,၆၀၀/-** ကျပ်ဖြင့် **AYE YAR PHOENIX TRADING Co.,Ltd** သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/စီးပွား မြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၆၂/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ လက်သစ်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၅၂/လက်သစ်ကွင်း)၊ ဦးပိုင်အမှတ် (၆/၁) ရှိ မြေဧရိယာ ၁.၈၇ ဧက၊ ဦးပိုင်အမှတ် (၆/၂) ရှိ မြေဧရိယာ ၅.၁၀ ဧက၊ ဦးပိုင်အမှတ် (၆/၃) ရှိ မြေဧရိယာ ၃.၀၈ ဧကနှင့် ဦးပိုင်အမှတ် (၇/၇) ရှိ မြေဧရိယာ ၁.၇၆ ဧက **စုစုပေါင်းမြေဧရိယာ ၁၁.၈၁ ဧက** အား **Eastern Village Project စီမံကိန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **၇,၀၈၆,၀၀၀/-** ကျပ်ဖြင့် **ဦးရဲရင့်အောင် [၉/ခမစ (နိုင်) ၀၄၃၈၂၂]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၈ (၁) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၆၃/၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇)၊ မြေကွက်အမှတ် (၆/၄-၁) ရှိ **မြေဧရိယာ ၁.၂ ဧက** အား စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ် အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ

စာအမှတ်၊ ၅၀၉ (၁၈)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁.၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာ (၄၇၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ လိပ်အင်းရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၈/မေဃဝန် အကွက်)၊ ဦးပိုင်အမှတ် (၇ဆ) ရှိ **မင်္ဂလာအေးကမ္မဋ္ဌာန်းကျောင်း** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၃.၃၇၁ ဧက** အနက်မှ **၀.၁၆၅ ဧက** အား ဗုဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးဌေးဦး [၁၄/ကပန (နိုင်) ၀၀၀၂၂၅] အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇၁/၂၀၂၅)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ တွဲဖက်ထားသော စည်ပင်သာယာ ရဲတပ်ဖွဲ့ (နေပြည်တော်) မှ ရဲ ၂၉၇၀ ရဲမှူးကြီး ရွှေဦး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၂) လ (၂၃) ရက်ကို ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်နေ့မှ ဇူလိုင်လ ၂၇ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇၂/၂၀၂၅)**

အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ လေ့ကျင့်ရေးဌာနမှ က ၃၁၁၃ ညွှန်ကြားရေးမှူး ဦးကျော်ဌေး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှ အောက်တိုဘာလ ၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၄၇၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၂၃၈/တဖက္ကာကွင်း)၊ မြေကွက်အမှတ် (၆၁၊ ၆၂) ရှိ **မြေဧရိယာ ၀.၁၁၀ ဧက** အား **မြိတ်ခရိုင်သာသနာရေးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၄၇၅/၂၀၂၅)**

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ လပွတ္တာ (၃) မိုင်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၅၇၉/ကျောက်မော်ရွာကွင်း)၊ မြေကွက်အမှတ် (၃၂၇၀/၃၂၈၇) ရှိ **မြေဧရိယာ ၁၀.၅၂ ဧက** အား **လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်အားမာန်သင်တန်းကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇၆/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲမှူးကြီး/ယာယီရဲမှူးကြီး (၆) ဦးတို့အား ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှစ၍ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲ ၁၇၀၂ ရဲမှူးကြီး ဇော်လင်း<br>ဌာနမှူး<br>တားဆီးနှိမ်နင်းရေးဌာန<br>မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ | ဒုတိယတပ်ဖွဲ့မှူး<br>မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ |
| (၂) | ရဲ ၁၉၃၂ ရဲမှူးကြီး အောင်ဘုန်းကျော်<br>ကွပ်ကဲမှုအဖွဲ့ခွဲမှူး (နေပြည်တော်)<br>လေကြောင်းရဲတပ်ဖွဲ့ | ဒုတိယတပ်ဖွဲ့မှူး<br>လေကြောင်းရဲတပ်ဖွဲ့ |
| (၃) | ရဲ ၃၇၆၂ ရဲမှူးကြီး အောင်ဇော်မိုး<br>ကွပ်ကဲမှုအဖွဲ့ခွဲမှူး<br>အမှတ် (၁) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ | ကွပ်ကဲမှုအဖွဲ့ခွဲမှူး<br>အမှတ် (၂) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ |
| (၄) | ရဲ ၃၇၆၈ ရဲမှူးကြီး လှမိုး<br>ကွပ်ကဲမှုအဖွဲ့ခွဲမှူး<br>အမှတ် (၂) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ | ကွပ်ကဲမှုအဖွဲ့ခွဲမှူး<br>အမှတ် (၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ |
| (၅) | ရဲ ၃၇၅၈ ရဲမှူးကြီး မျိုးဝဏ္ဏ<br>ကွပ်ကဲမှုအဖွဲ့ခွဲမှူး<br>အမှတ် (၁၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ | ဒုတိယတပ်ဖွဲ့မှူး<br>စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်) |

(၆) ရဲ ၂၅၉၁ ယာယီရဲမှူးကြီး မြင့်သောင်း
ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၇) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ

ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၁၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၇၇/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ဒုတိယရဲမှူးကြီး (၅) ဦးတို့အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁) ရဲ ၂၅၀၇ ဒုတိယရဲမှူးကြီး ရဲနိုင်
ဦးစီးအရာရှိ (ပထမတန်း)
(ဦး/ရေးထောက်)
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

ဌာနမှူး
တားဆီးနှိမ်နင်းရေးဌာန
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၂) ရဲ ၁၇၅၆ ဒုတိယရဲမှူးကြီး အောင်မိုးဦး
ဦးစီးအရာရှိ (ပထမတန်း)
(ဦး/ရေးထောက်)
လေကြောင်းရဲတပ်ဖွဲ့

ကွပ်ကဲမှုအဖွဲ့ခွဲမှူး
(နေပြည်တော်)
လေကြောင်းရဲတပ်ဖွဲ့

(၃) ရဲ ၁၉၂၅ ဒုတိယရဲမှူးကြီး ကိုကိုနိုင်
ဦးစီးအရာရှိ (ပထမတန်း)
(ဦး/ရေးထောက်)
ရေကြောင်းရဲတပ်ဖွဲ့

ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၁) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့
ရေကြောင်းရဲတပ်ဖွဲ့

(၄) ရဲ ၂၉၄၂ ဒုတိယရဲမှူးကြီး အောင်သန်း
ဒုတိယညွှန်ကြားရေးမှူး
စစ်ဆေးရေးဌာနခွဲ
ဥပဒေနှင့် စစ်ဆေးရေးဌာန
မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

ညွှန်ကြားရေးမှူး
ဥပဒေနှင့် စစ်ဆေးရေးဌာန
မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၅) ရဲ ၁၈၅၀ ဒုတိယရဲမှူးကြီး မျိုးသန့်
ဦးစီးအရာရှိ (ပထမတန်း)
(ဦး/ရေးထောက်)
အမှတ် (၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့

ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၇) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၈၆/၂၀၂၅)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးလှိုင်စိုးသန့် (ပ/၅၃၅၈) အား ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၈၇/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးနေဝင်းအောင် (ပ/၅၀၂၀) အား ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှစ၍ ပြည်ထောင်စုဝန်ကြီးရုံးသို့ ဒုတိယ အမြဲတမ်းအတွင်းဝန်အဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၈၈/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁၀) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ဗဗ၀၈ ယာယီရဲမှူးကြီး ရဲနိုင်ဦး အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၉၀/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အုပ်ချုပ်ရေးမှူး/ညွှန်ကြားရေးမှူး (၂) ဦးတို့အား ၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှစ၍ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဇော်လွင်ဦး (ပ/၅၃၅၆)<br>ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေး<br>ဦးစီးဌာန (ကျိုင်းတုံ) | ဖျာပုံခရိုင် |
| (၂) | ဦးတင်လင်း (ပ/၇၁၅၃)<br>ဖျာပုံခရိုင် | ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေး<br>ဦးစီးဌာန (ကျိုင်းတုံ) |

## အမိန့်ကြော်ငြာစာ (၄၉၁/၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မြေတိုင်း ရပ်ကွက်အမှတ် (၅၃၅/B)၊ မြေကွက်အမှတ် (၁၆၈/A၊ ၁၆၈/B၊ ၁၆၇/က) တို့ရှိ **ခိုင်သစ္စာကျောင်းတိုက်** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၂.၁၀ ဧက** အနက်မှ **၀.၂၄၇၉ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန် အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယကာ ဒေါက်တာ သာရင်မြတ် [၁၂/ဗဟန (နိုင်) ၀၁၂၁၈၃] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၉၂/၂၀၂၅)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၄/တိုးချဲ့မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၈၀) ရှိ မြေဧရိယာ ၀.၀၅၅ ဧက၊ ဦးပိုင်အမှတ် (၈၁) ရှိ မြေဧရိယာ ၀.၀၅၅ ဧကနှင့် ဦးပိုင်အမှတ် (၈၂) ရှိ မြေဧရိယာ ၀.၀၅၅ ဧက **စုစုပေါင်းမြေဧရိယာ ၀.၁၆၅ ဧက** အား **တနင်္သာရီတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၉၃/၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းခရိုင်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မြေကွက်အမှတ် (၁/ခ) ရှိ မြေဧရိယာ ၁၆.၅၈၄ ဧကအနက်မှ ၁၀.၇၄၅ ဧက၊ မြေကွက်အမှတ် (၁/ဃ) ရှိ မြေဧရိယာ ၂.၃၁၅ ဧကအနက်မှ ၀.၂၃၈ ဧကနှင့် မြေကွက်အမှတ် (၁/အ) ရှိ မြေဧရိယာ ၁၇.၇၇၀ ဧကအနက်မှ ၁.၁၃၅ ဧက **စုစုပေါင်းမြေဧရိယာ ၁၂.၁၁၈ ဧက** အား **စိုက်ပျိုးရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၉၆/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်)

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး)ဦးစန်းဌေး(ပ/၃၅၈၁)အား ဒုတိယညွှန်ကြားရေးမှူးချုပ်၊လစာနှုန်း(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ဧရာဝတီတိုင်း ဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ စီးပွားရေးပြန်လည်ကောင်းမွန်လာစေရန်နှင့် ပြည်တွင်းအသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း၌ ထုတ်လုပ်မည့်လောင်စာဆီသုံးယာဉ်များ Semi–Knocked Down–SKD စနစ်နှင့် Completely Knocked Down – CKD စနစ်တို့ဖြင့် တင်သွင်းခြင်းအတွက် အကောက်ခွန်နှုန်းထားများကို ဆက်လက်၍ အောက်ပါအတိုင်းဖြေလျှော့ခွင့်ပြုလိုက်သည်–

| စဉ် | ယာဉ်အမျိုးအစား | MCT 2022 တွင် ကောက်ခံသည့်နှုန်း (%) | | | ဖြေလျှော့ ကောက်ခံမည့်နှုန်း (%) | | |
|---|---|---|---|---|---|---|---|
| | | CBU | SKD | CKD | CBU | SKD | CKD |
| က | 2000 CC နှင့် အောက် လူစီးမော်တော်ယာဉ် | ၃၀ % | ၇.၅ % | ၅ % | – | ၅ % | ၃ % |
| ခ | 2001 CC နှင့် အထက် လူစီးမော်တော်ယာဉ် | ၄၀ % | ၇.၅ % | ၅ % | – | ၅ % | ၃ % |
| ဂ | သုံးဘီးမော်တော် ဆိုင်ကယ် (လူစီး) | ၂၀ % | ၇.၅ % | ၅ % | – | ၃ % | ၁.၅ % |
| ဃ | သုံးဘီးမော်တော် ဆိုင်ကယ် (ကုန်တင်) | ၁၀ % | ၇.၅ % | ၅ % | – | ၃ % | ၃ % |
| င | Bus များ | ၁၀ % | ၇.၅ % | ၅ % | – | ၃ % | ၃ % |
| စ | Truck/Body Building ပြုလုပ်ရန် Truck များ | ၁၀ % | ၇.၅ % | ၅ % | – | ၃ % | ၃ % |
| ဆ | မော်တော်ဆိုင်ကယ် | ၅ % | ၃ % | ၃ % | – | ၁.၅ % | ၁.၅ % |

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

**မြန်မာ့စီးပွားရေးဘဏ်၊ ဒါရိုက်တာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄ အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့စီးပွားရေးဘဏ်၏ စီမံခန့်ခွဲမှုကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များဆုံးဖြတ်ခြင်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာ့စီးပွားရေးဘဏ်၊ ဒါရိုက်တာအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | ဥက္ကဋ္ဌ |
| (ခ) | အထွေထွေမန်နေဂျာ<br>စီမံခန့်ခွဲရေးဌာနခွဲ<br>သုတေသန၊ လေ့ကျင့်ရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ<br>သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဂ) | အထွေထွေမန်နေဂျာ<br>စာရင်းဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဃ) | အထွေထွေမန်နေဂျာ<br>ချေးငွေစိစစ်ကြီးကြပ်ကွပ်ကဲရေးဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (င) | အထွေထွေမန်နေဂျာ<br>ငွေစုဘဏ်လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးချေးငွေဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (စ) | အထွေထွေမန်နေဂျာ<br>ဘဏ်တွင်းစာရင်းစစ်ဌာနခွဲ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငွေတိုက်ဦးစီးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(ဋ) ဒုတိယအထွေထွေမန်နေဂျာ အဖွဲ့ဝင်
မြန်မာ့အာမခံလုပ်ငန်း

(ဌ) ဒုတိယအထွေထွေမန်နေဂျာ အဖွဲ့ဝင်
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

(ဍ) ဒုတိယအထွေထွေမန်နေဂျာ အတွင်းရေးမှူး
စာရင်းဌာနခွဲ
မြန်မာ့စီးပွားရေးဘဏ်

၂။ မြန်မာ့စီးပွားရေးဘဏ်၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာ့စီးပွားရေးဘဏ်၏ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များ ဆုံးဖြတ်ခြင်း၊ စီမံခန့်ခွဲမှု ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ လချုပ်၊ နှစ်ချုပ်၊ ရှင်းတမ်းများ အတည်ပြုခြင်း၊ ထုတ်ချေးသည့် ချေးငွေများ အတည်ပြုခြင်း၊

(ခ) မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ထိရောက်စွာဆောင်ရွက်မှုပြုနိုင်ရန် ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄ (ဂ) ပါ လုပ်ငန်းတာဝန်များဖြစ်သည့်–

(၁) ပြည့်စုံသောဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးလုပ်ငန်းစဉ် ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၂) ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေး၊ ထိန်းချုပ်ကွပ်ကဲမှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၃) လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ပေးအပ်ရန် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များအတွက် မူဝါဒများ ချမှတ်ခြင်း၊

(၄) ကျင့်ဝတ်နှင့် ကျွမ်းကျင်မှုစံများ မြင့်တင်ပေးမည့်အဖွဲ့အစည်းအတွင်း လက်တွေ့ကျင့်သုံးမှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(၅) ဘဏ်၏ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်ကို ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၆) ဘဏ်၏ ဥပဒေနှင့် ထုတ်ပြန်သည့် နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ လိုက်နာမှုကို သေချာစေခြင်းတို့ကို စနစ်တကျ ကျင့်သုံးဆောင်ရွက်မှုပြုနိုင်ရန် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီ၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်ကော်မတီ၊ စာရင်းစစ်ကော်မတီ၊ Compliance ကော်မတီတို့၏ လစဉ်သုံးသပ်ချက်အစီရင်ခံစာများ အတည်ပြုခြင်း။

၃။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၅)

## မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ဒါရိုက်တာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄ အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ စီမံခန့်ခွဲမှုကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များဆုံးဖြတ်ခြင်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ဒါရိုက်တာအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ဥက္ကဋ္ဌ |
| (ခ) | အထွေထွေမန်နေဂျာ (၁)<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (ဂ) | အထွေထွေမန်နေဂျာ (၂)<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (ဃ) | အထွေထွေမန်နေဂျာ (၃)<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယအထွေထွေမန်နေဂျာ (စီမံရေးရာဌာန)<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အတွင်းရေးမှူး |

၂။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့်မူဝါဒများချမှတ်၍ ဘဏ်၏ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်း၊ ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုစနစ်များနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် သုံးသပ်ခြင်းလုပ်ငန်းများကို ကြပ်မတ်ခြင်း၊

(ခ) ဘဏ်လုပ်ငန်းဆိုင်ရာ ထုတ်ပြန်ထားသည့်ဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို လိုက်နာမှု ရှိ မရှိ စိစစ်ခြင်းနှင့် သုံးသပ်ခြင်း၊

(ဂ) ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၊ မတည်ရင်းနှီးငွေလုံလောက်မှုနှင့် ငွေရေးကြေးရေးအားကောင်းခိုင်မာမှု အခြေအနေများ၊ အရေးကြီးသောဝန်ထမ်းရေးရာဆိုင်ရာ ဆုံးဖြတ်ချက်များ၊ လုပ်ငန်းဖွဲ့စည်းပုံနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာများ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လိုက်နာဆောင်ရွက်မှုများကို ကြပ်မတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(ဃ) ဘဏ်၏လုပ်ငန်းရည်ရွယ်ချက်များနှင့် မဟာဗျူဟာတိုးတက်မှုအခြေအနေကို စောင့်ကြပ်ကြည့်ရှုခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုစောင့်ကြည့်စစ်ဆေးခြင်း၊ဘဏ်တည်နေရာ၊ဘဏ်၏အရွယ်အစား၊ ဘဏ်လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းခက်ခဲရှုပ်ထွေးမှုအခြေအနေများ၊ ဈေးကွက်အနေအထားနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်ချက်များကို အခါအားလျော်စွာ သုံးသပ်ဆွေးနွေးခြင်း၊

(င) ဘဏ်၏ ဆုံးရှုံးနိုင်ခြေမူဝါဒနှင့် ဆုံးရှုံးခံနိုင်မှုအတိုင်းအတာတို့ကို သတ်မှတ်ထားရှိခြင်း၊ ယင်းအပေါ် ဘဏ်၏ထိန်းသိမ်းလိုက်နာမှု အခြေအနေတို့အား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကြံပြုခြင်း၊

(စ) နှစ်စဉ်နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုခြင်းနှင့် စာရင်းစစ်အစီရင်ခံစာများကို သုံးသပ်ခြင်း၊ လိုအပ်သည်များကိုလမ်းညွှန်ခြင်း။

၃။ ဒါရိုက်တာအဖွဲ့သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၅၊ ပုဒ်မခွဲ (က) ပါ ကော်မတီများ၊ ဆပ်ကော်မတီများကိုဖွဲ့စည်းနိုင်ပြီး ယင်းတို့၏လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်နိုင်သည်။

၄။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဒါရိုက်တာအဖွဲ့အစည်းအဝေးအား အနည်းဆုံးတစ်လတစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးခေါ်ယူနိုင်သည်။

၅။ ယခင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ မေလ ၇ ရက်စွဲပါ ရုံးအမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၂၀ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၄၆/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်)

ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယု အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

သန်းဆွေ

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

အမှတ် ၈၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၇/၂၀၂၅ အရ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကြည်ကြည်သန်းအောင် သည် ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ရာထူးတိုးမြှင့်ခြင်းခံရသဖြင့် ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

ဒေါက်တာ သီတာဦး

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်)

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန၊ လုပ်ငန်းများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ

ဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီများ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီများနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများကို ဤဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၅ ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂။　အဆိုပါကော်မတီများအနက် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီများ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီများနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့သင်း **အစား** ဦးစီးအရာရှိ ဒေါ်သင်းသင်းခိုင် ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (တာဝန်ပေး) ဦးဆန်းမြင့် **အစား** ဒုတိယညွှန်ကြားရေးမှူး (တာဝန်ပေး) ဦးမျိုးမြင့်ကျော်စွာ ဖြင့်လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ကျော်စွာ **အစား** လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယမင်းလှိုင် ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

၄-၆-၂၀၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်)၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးကျော်ဌေး အား ၆-၉-၂၀၂၅ ရက်နေ့မှ ၅-၁-၂၀၂၆ ရက်နေ့အထိ သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ၆-၁-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၅)**

**စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့သည့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဖွံ့ဖြိုးရေးနှင့် ပုံနှိပ်ထုတ်ဝေရန် စာမူကောင်းများရရှိရေးတို့အတွက် စာပေဗိမာန်စာမူဆု ပြိုင်ပွဲဝင်စာမူဆုများကို စိစစ်ရွေးချယ်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့အတွက် (၂) နှစ် သက်တမ်းရှိသော **စာပေဗိမာန် စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့** တွင် ဦးအောင်ကြည် (အောင်ကြည်ညွှန့်-တက္ကသိုလ်) အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့၌ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၅) မှ သဘောတူညီချက်အရ အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၂၅)

## ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ပယ်ဖျက်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့သည့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဖွံ့ဖြိုးရေးနှင့် စာကောင်းပေမွန်တို့အတွက် နှစ်စဉ်ချီးမြှင့်လျက်ရှိသော အမျိုးသားစာပေဆုများ စိစစ်ရွေးချယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် **၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ** တွင် အဖွဲ့ဝင်အဖြစ် ပါဝင်သည့် စာပေပညာရှင် ဒေါက်တာ အောင်မြင့်ဦး အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့၌ ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၅) သဘောတူညီချက်အရ အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်လိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၇၄/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်)

## ကြိုတင်ပြင်ဆင်ခွင့် (၄) လ ငြင်းပယ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်မင်းနိုင် အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှ အောက်တိုဘာလ ၂၈ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၉-၁၀-၂၀၂၅ ရက်နေ့မှ ၂၈-၂-၂၀၂၆ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၉-၂-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၅/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

### ရာထူးတိုးမြှင့်ခန့်ထားခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ဆည်မြောင်း) မှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးစီးမှူး (၈) ဦးတို့အား၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၅) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) ၌ လစ်လပ်လျက် ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ စတင်သတင်းပို့တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ ပူးတွဲဖော်ပြပါ အရာထမ်းများအား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အနီးစပ်ဆုံး အရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်ဖြစ်သည်။

ပူးတွဲ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးစီးမှူး (စက်မှု) (၈) ဦးတို့အား**

**လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်း**

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့် ရာထူး |
|---|---|---|---|
| ၁။ | ဦးမြင့်သွယ်ဦး | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| ၂။ | ဦးအုန်းတင့် | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| ၃။ | ဦးဝင်းမြတ်နွယ် | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| ၄။ | ဦးရန်အောင်ခိုင် | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| ၅။ | ဦးအောင်သူဌေး | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| ၆။ | ဦးအေးပိုင် | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| ၇။ | ဦးနေမျိုးလှိုင် | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| ၈။ | ဦးအောင်အောင်ညွှန့် | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၆/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်)

**ရာထူးတိုးမြှင့်ခန့်ထားခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ရုံးအုပ်၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၅) ဦးတို့အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၅) ၏ သဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ (စီမံခန့်ခွဲရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ၎င်းတို့အမည်နှင့် ယှဉ်တွဲပါဒေသများတွင် တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့် နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | တိုးမြှင့်ရာထူး | တိုးမြှင့်ရာထူးဖြင့် တာဝန်ချထားသည့် ဌာန၊ ဒေသ |
|---|---|---|---|
| (က) | ဒေါ်မျိုးမမလွင် | ဦးစီးအရာရှိ (စီမံခန့်ခွဲရေး) | ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (RRDC)၊ မရမ်းကုန်း ရန်ကုန်တိုင်းဒေသကြီး |
| (ခ) | ဒေါ်ခင်ကြည် | ဦးစီးအရာရှိ (စီမံခန့်ခွဲရေး) | ပြည်နယ်ဦးစီးမှူးရုံး ကယားပြည်နယ် |
| (ဂ) | ဒေါ်သန်းသန်းအေး | ဦးစီးအရာရှိ (စီမံခန့်ခွဲရေး) | မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ ရုံးချုပ် |
| (ဃ) | ဒေါ်ဝင်းမာထွေး | ဦးစီးအရာရှိ (စီမံခန့်ခွဲရေး) | ကော်ဖီ-ရာသီသီးနှံဌာနခွဲ ရုံးချုပ် |
| (င) | ဒေါ်တင်တင်ခိုင် | ဦးစီးအရာရှိ (စီမံခန့်ခွဲရေး) | မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ ရုံးချုပ် |

၂။ အထက်ဖော်ပြပါ အရာထမ်းများအား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အရာထမ်း အခြေခံသင်တန်းသို့ အစောဆုံးစေလွှတ်တက်ရောက်စေရေး စီစဉ်ဆောင်ရွက်သွားရန်ဖြစ်သည်။

မင်းနောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဆန်း၊ ၈/ဂဂန (နိုင်) ၀၁၂၄၀၆ အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှ နိုဝင်ဘာလ ၁၅ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအခန်း (၈)၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဆန်း အား ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ မတ်လ ၁၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် နောက်တစ်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း (၂၁)၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

၁။ ကျန်းမာရေးဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါက်တာ မြတ်ဝဏ္ဏစိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ခေါင်းဆောင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ခ) | ဒေါက်တာ ထွန်းမင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (ဂ) | ဦးဝင်းနိုင်<br>လက်ထောက်အတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာ ဝေဖြိုးအောင်<br>လက်ထောက်အတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာ ကျော်ကျော်လွင်<br>ညွှန်ကြားရေးမှူး (စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါက်တာ နှင်းပပခိုင်<br>ညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ ဇေယျာဝင်း<br>ညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ကြည်လင်းမြင့်<br>ညွှန်ကြားရေးမှူး (ဝန်ထမ်းရေးရာ)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာ တင်ဦး<br>ညွှန်ကြားရေးမှူး (အထွေထွေစီမံခန့်ခွဲရေး)<br>ဆေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်ဥမ္မာမြတ်<br>ညွှန်ကြားရေးမှူး (ကုသရေး)<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာ မာလာစိုး<br>ညွှန်ကြားရေးမှူး (စီမံ)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဌ) | ဒေါက်တာ ဇင်ဇင်ကျော်<br>ဒုတိယညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာ လေးလေးမြင့်<br>ဒုတိယညွှန်ကြားရေးမှူး (သူနာပြု)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒေါ်စန္ဒာကြည်<br>ဒုတိယညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>ဆေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာ ကြည်ကြည်ဦး<br>ဒုတိယညွှန်ကြားရေးမှူး (သုတေသန)<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ဒေါ်ဆင့်ဆင့်အိ<br>ဒုတိယညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |

၂။ ကျန်းမာရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ ရေးဆွဲဆောင်ရွက်ရန်၊

(ခ) ဦးစီးဌာနအသီးသီးတွင် အဖွဲ့၏လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ငယ်များဖွဲ့စည်းပြီး ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဂ) အဂတိလိုက်စားသော ပြစ်မှုလုံးဝမကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာ ပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ်ဖော်ထုတ်ဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို သိရှိနားလည်ပြီး အဂတိကင်းစင်သည့် ဝန်ထမ်းကောင်းများဖြစ်လာစေရန် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(င) အဂတိလိုက်စားမှုပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်၊

(စ) အဂတိလိုက်စားမှုဖြစ်ပေါ်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်၊

(ဆ) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်ခြင်းဆောင်ရွက်ရာတွင် အဂတိလိုက်စားနိုင်ခြေရှိမှုများကို ဆန်းစစ်လေ့လာဆောင်ရွက်ရန်။

၃။ ယခင်ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၃၀/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့သော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ဖွဲ့စည်းခြင်းကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၂၄၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်)

၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင်ကျင်းပသော ဤရုံး၊ အရည်အချင်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၅) ဖြင့် အတည်ပြုချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်သော် (၅၄၀၉) အား စစ်ဆေးရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထား လိုက်သည်။

ဒေါက်တာ ခင်နိုင်ဦး
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) ဆုံးဖြတ်ချက်အရ ဝန်ထမ်းရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ဦးသန်းနိုင် အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀– ၄၃၈,၀၀၀) ရာထူးသို့ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အောင်သော်
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက် (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
### စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီး
### အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ အိမ်တော်များဌာနကြီးမှ ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဦး ကို အသက် (၆၂) နှစ်ပြည့်သည့် ၁၅–၆–၂၀၂၅ ရက်နေ့မှ ၁၄–၁၀–၂၀၂၅ ရက်နေ့အထိ ၎င်းခံစားရမည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လ အား ခံစားခွင့်မပြုဘဲ လုပ်ငန်းလိုအပ်ချက်အရ ပျမ်းမျှလစာဖြင့် ဆက်လက် တာဝန်ထမ်းဆောင်စေလိုက်ပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၁၅–၁၀–၂၀၂၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မြတ်ထွန်း

ညွှန်ကြားရေးမှူးချုပ်

### မြန်မာ့စာတိုက်လုပ်ငန်း
### အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်စွဲပါ စာအမှတ်၊ ၅၇၈/တမ–၁/၇၀/၂/၂၀၂၅ သဘောတူဆုံးဖြတ်ချက်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်စွဲပါ

စာအမှတ်၊ ဆသ-၁/စမ (ဝန်ထမ်းရေးရာ)/၂၀၂၅ (၁၉၅၄) တို့အရ မြန်မာ့စာတိုက်လုပ်ငန်းမှ အောက်ဖော်ပြပါ ကြီးကြပ်ရေးမှူး (၂) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် ရာထူး၊ ဌာနများအတိုင်း တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (၁) | ဒေါ်တင်မိုးလွင် | |
| | ကြီးကြပ်ရေးမှူး | လက်ထောက်မန်နေဂျာ |
| | (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| | ပြည်နယ်မန်နေဂျာရုံး | တာဝန်ခံအရာရှိ |
| | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ |
| (၂) | ဒေါ်တင့်တင့်ဝေ | |
| | ကြီးကြပ်ရေးမှူး | လက်ထောက်မန်နေဂျာ |
| | (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| | တိုင်းဒေသကြီးမန်နေဂျာရုံး | တာဝန်ခံအရာရှိ |
| | တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ | တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ |

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောထားမှတ်ချက်အရ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်မည့် အနီးစပ်ဆုံးအရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြပါသည်။

ဒေါက်တာ ငသီတာ
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စာတိုက်လုပ်ငန်း

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်)

အမှတ် ၁၀၄/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ဝင်းဘို ကြည်း ၈၁၃၉၅

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက် (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**NOTICE**

**Commencement of Winding–Up of the Affairs of**
**Adidas Sourcing Limited**
**(Myanmar Branch)**

In pursuant of Section 55 of Myanmar Companies Law, I hereby given notice that Adidas Sourcing Limited (Myanmar Branch) will commence the winding–up its affairs in Myanmar on 4 th July 2025.

I, the undersigned liquidator of the above named Company, have fixed 4th August 2025 as the day on or before which the creditors of the Company are to prove their debts or claims otherwise they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the liquidator at the address given below, before the above date.

U Papo Ganesan
[B.A. (English), R.L.],
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal and Tax Consultants Ltd
Liquidator

Building No.C1, Room No. 005, Ground Floor, Hninnsi Street, Yuzana Highway complex, Kamayut Township, Yangon, Myanmar.

## Exim Myanmar Company Limited

## အိတ်ဇင်းမြန်မာကုမ္ပဏီလီမိတက်

## လူမှုခံယူခြင်းဆိုင်ရာဥပဒေအရ

## ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ Exim Myanmar Company Limited အား ၂-၇-၂၀၂၅ ရက်နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဦးစိုးဝင်း B.Com (A.A), CPA (RA), (PA–504)၊ တိုက်အမှတ် (၆၆/၇၂)၊ အခန်း (၂၀၄/ဘီ)၊ ထီးတန်းအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂-၈-၂၀၂၅ ရက်နေ့အထိ နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ဒေါ်မိုးစန္ဒာမျိုးဦး | ဦးစိုးဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | B.Com (A.A), CPA (RA), (PA–504) |
| Exim Myanmar Company Limited | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |